# ပညတ်တရားနှင့်ကျေးဇူးတရား၏ခြားနားချက်
# (Different Between Law & Grace)

သမ္မာကျမ်းစာကိုလေ့လာသောအခါပညတ်တရားနှင့်ကျေးဇူးတရားဟူ၍တွေ့ရပါသည်။ဓမ္မဟောင်းကာလတွင်မောရှေအားဖြင့်ပညတ်တရားကိုဘုရားသခင်ကပေးပါသည်။

ဓမ္မသစ်ကာလတွင်သခင်ယေရှုအားဖြင့်ကျေးဇူးတရားကိုခံစားရသောအခွင့်ဘုရားသခင်ပေးပါသည်. . . ပညတ်တရားရောကျေးဇူးတရားပါ. . နှစ်ပါးစလုံးဘုရားသခင်ထံမှဖြစ်ပါသည်။

သို့သော်ထိုတရား(၂)ပါး၏ခြားနားချက်ကိုနားလည်ဖို့ရန်အလွန်အရေးကြီးပါသည်။

ပညတ်တရားနှင့်ကျေးဇူးတရားတို့၏ခြားနားချက်ကိုရှင်းလင်းစွာနားမလည်သောကြောင့်တမန်တော်ခေတ်ကာလမှစ၍ယနေ့တိုင်အောင်ရှုတ်ထွေးမှုများစွာရှိပါသည်။ရှေးဦးစွာအောက်ပါပုံကိုကြည့်ပါ။

ဘုရားသခင်

| ပညတ်တရား | ကျေးဇူးတရား |
|---|---|
| ဓမ္မဟောင်း(ကတိတော်) | ဓမ္မသစ်(ပြည့်စုံခြင်း) |
| အပြစ်ဖေါ်ပြ | အပြစ်ဖြေရှင်း |
| လူကိုလုပ်ခိုင်း | ဘုရားလုပ်ပေး |

## (ဓမ္မဟောင်းနှင့် ဓမ္မသစ်၏ခြားနားချက်)

ဓမ္မဟောင်းကာလသည် ဘုရားသခင်က ဂတိတော်(Promise)များ ပေးသောကာလဖြစ်ပြီး၊ ဓမ္မသစ်မှာ ဘုရားသခင်၏ ဂတိတော်များပြည့်စုံခြင်း(Perfect) ဖြစ်ပါသည်။

ဓမ္မဟောင်းမှာ သခင်ယေရှု၏ အရိပ်သဖွယ်ဖြစ်ပြီးဓမ္မသစ်မှာသခင်ယေရှုကိုယ်တိုင် ကြွလာခြင်းအစစ်ဖြစ်ပါသည်။

ချစ်စွာသောမိတ်ဆွေ လူတစ်ယောက်မှာ အရိပ်ရှိပါသည်။. . . သင်ဟာလူကိုယ်တိုင်နှင့် မိတ်ဆွေဖွဲ့မှာလား အရိပ်နှင့်မိတ်ဆွေဖွဲ့မှာလား?

သင်သည် လူကိုယ်တိုင်နှင့်ပေါင်းသင်းမည်လား?

အရိပ်နှင့်ပေါင်းသင်းမည်လား?

## (အပြစ်ဖော်ပြ)

ပညတ်တရားသည် သင်၏ အပြစ်ကိုဖော်ပြဖို့ရန် ဘုရားသခင်ကပေးခြင်း ဖြစ်ပါသည်။**"သို့ရာတွင်ပညတ်တရားအားဖြင့်သာအပြစ်သဘောကိုငါသိရ၏"(ရော၇း၇)** လူကပညတ်တရားကိုစောင့်ဖို့ရန်ဘုရားသခင်ပေးသည်ဟုထင်ပါသည်။

ဘုရားသခင်သည် ဒေဝ်ဥယျာဉ်တွင် တခုတည်းသောပညတ်ကိုမစောင့်နိုင်ခဲ့သောလူကိုများစွာသောပညတ်များထပ်စောင့်ခိုင်းလည်းအပိုမှန်းသိပါသည်။

ဘုရားကသိနေသော်လည်းလူကမသိပါ။ထိုကြောင့်များစွာသောလူတို့သည်ပညတ်တရားကိုစောင့်နိုင်မည်ထင်ပြီးကြိုးစားနေကြပါသည်။

**ကျွန်တော်တို့အပြစ်ရှိကြောင်းသိဖို့ရန်ပညတ်တရားကိုဘုရားသခင်ပေးထားခြင်းဖြစ်ပါသည်။**

## (အပြစ်ဖြေရှင်း)

ကျေးဇူးတရားမှုကားလူမှာရှိသောအပြစ်ကိုဖြေရှင်းပေးခြင်းဖြစ်ပါသည်။

သခင်ယေရှုခရစ်တော်သည်ကျွန်ုပ်တို့၏အပြစ်ကြွေးကိုကားတိုင်မှာရှင်းပေးပြီးဖြစ်သည်။

ကျွန်တော်တို့မိတ်ဆွေများနှင့်လက်ဖက်ရည်သောက်ပြီးဆိုင်မှထွက်လာခါနီးတွင်အားလုံးက"ဘယ်လောက်ကျလဲ"ဟုမေးပါသည်။ထိုအခါစားပွဲထိုးကစာရင်းတွက်ပြီးကျသင့်ငွေကိုပြောပါသည်။ဤသည်မှာသင်ပေးရမည့်အရာကိုဖော်ပြခြင်းဖြစ်ပါသည်။

ပညတ်တရားသည်လည်းထိုနည်းတူသင်ပေးဆပ်ရမည်ဖြစ်ကြောင်းဖေါ်ပြပါသည်။

ထိုအချိန်တွင်ငွေသိမ်းကောင်တာမှရှင်းပြီးပြီဟုလှမ်းပြောလိုက်သောအခါကျွန်တော်တို့အံ့အားသင့်သွားသလို ၊ကျွန်တော်တို့ပေးစရာမလိုတော့ပါ။

ကျေးဇူးတရားကသင့်အပြစ်များကိုဖြေရှင်းပေးပြီးပြီဖြစ်ပါသည်။

**"ကျမ်းစာလာသည်အတိုင်းငါတို့အပြစ်ကြောင့်အသေခံတော်မူ၏" (၁ကော၁၅း၃)**

သခင်ယေရှုကလက်ဝါးကားတိုင်ပေါ်မှအလွန်ထူးခြားသောစကားတစ်ခွန်းပြောပါသည်။ထိုစကားမှာ"အမှုပြီးပြီ"ဟူ၍ဖြစ်ပါသည်။

လူသားတို့၏အပြစ်ကြွေးများအားလုံးကိုဖြေရှင်းပြီးဖြစ်ကြောင်းပြောခြင်းဖြစ်ပါသည်၊တရားရုံးတွင်အမှုရင်ဆိုင်ရသောအခါ တရားသူကြီးက"အမှုပြီးပြီ"ဟုပြောလျှင်သင်ဆက်လက်ရင်ဆိုင်စရာမလိုတော့ပါ။

ချစ်စွာသောမိတ်ဆွေသင့်ကိုယ်စားသခင်ယေရှုကလက်ဝါးကားတိုင်မှာအပြစ်ကြွေးများဆပ်ပေးပြီးပြီဖြစ်ပါသည်။သင်ဘာမှကြိုးစားလုပ်ဆောင်စရာမလိုတော့ပါ။

**ချစ်စွာသောမိတ်ဆွေသင့်ကိုယ်စားသခင်ယေရှုကလက်ဝါးကားတိုင်မှာအပြစ်ကြွေးများဆပ်ပေးပြီးပြီဖြစ်ပါသည်။သင်ဘာမှကြိုးစားလုပ်ဆောင်စရာမလိုပါ။သခင်ယေရှု၏လုပ်ဆောင်ချက်သက်သက်ဖြစ်ပါသည်။**

## (လူ၏လုပ်ဆောင်ချက်)

ပညတ်တရားကိုစောင့်ထိန်းရမည်။ကောင်းတာလုပ်မှကောင်းရာသို့ရောက်မှာပေါ့. . . ကယ်တင်ခြင်းရဖို့ရန်ပညတ်တရားကိုစောင့်ထိန်းရမည်. . . အစရှိသောသွန်သင်ချက်များမှာလူကိုဗဟိုပြုသောတရားများဖြစ်ပါသည်။လူ၏လုပ်ဆောင်ချက်ဖြင့်ကောင်းကင်ဘုံသို့ရောက်မည်ဟုထင်နေခြင်းဖြစ်ပါသည်။

အပြစ်သားလူသည်ဘုရားသခင်ရှေ့မှာကောင်းသောသူတစ်ယောက်မျှမရှိပါ။

**"အပြစ်မပါဘဲကောင်းသောအကျင့်ကိုကျင့်သောသူတော်ကောင်းတစုံတယောက်မျှမြေကြီးပေါ်မှာမရှိ"(ဒေသနာ၇း၂၀)**

အပြစ်သားလူ၏လုပ်ဆောင်ချက်များသည်ဘုရားသခင်အတွက်နှစ်သက်ဖွယ်မဖြစ်ပါ။

**"အကျွန်ုပ်တို့ရှိသမျှသည်စင်ကြယ်ခြင်းမရှိပါ။ပြုဘူးသမျှသောကုသိုလ်ကောင်းမှုတို့သည်ညစ်သောအဝတ်နှင့်တူကြပါ၏"(ဟေရှာ ၆၄း၆)**

**လူ၏လုပ်ဆောင်ချက်များသည်ဘုရားသခင်ရှေ့တွင်အချည်းနှီးဖြစ်ပါသည်။**

## (သခင်ယေရှု၏လုပ်ဆောင်ချက်)

လူ၏လုပ်ဆောင်ချက်များကဘုရားသခင်ရှေ့တွင်အချည်းနှီးဖြစ်သောကြောင့်. . . ဘုရားသခင်ရှေ့တွင်နှစ်သက်ဖွယ်ဖြစ်သောသားတော်သခင်ယေရှုကလုပ်ပေးခြင်းဖြစ်ပါသည်။

ကျေးဇူးတရားဆိုသည်မှာလက်ဝါးကပ်တိုင်ပေါ်မှသခင်ယေရှု၏လုပ်ဆောင်ချက်ကိုအခမဲ့သက်သက်ခံစားခွင့်ရခြင်းဖြစ်ပါသည်။

လူဘက်ကလုပ်ဆောင်မှုတခုခုဖြည့်စွက်ဖို့ရန်လိုအပ်လျှင်ကျေးဇူးတရားဟုပြော၍မရပါ။

ဘုရားသခင်ဘက်ကသာတဖက်သတ်လုပ်ပေးခြင်း (သို့) ကျေးဇူးပြုခြင်းဖြစ်ပါသည်။

သခင်ယေရှု၏လက်ဝါးကပ်တိုင်ပေါ်မှလုပ်ဆောင်ချက်သက်သက်ဖြင့်ကျွန်တော်တို့အပါယ်ငရဲမှလွတ်ခွင့်ရပါသည်။လူ၏လုပ်ဆောင်ချက်လုံးဝမပါပါ။

ယနေ့များစွာသောသူတို့သည်လူဖက်ကတခုခုလုပ်ရမည်ဟုထင်နေတက်ပါသည်။

ချစ်စွာသောမိတ်ဆွေကျေးဇူးတရားဆိုသည်မှာသခင်ယေရှု၏လက်ဝါးကပ်တိုင်ပေါ်မှလုပ်ဆောင်ချက်သက်သက်ဖြစ်ပါသည်။

နို့စစ်စစ်ဟုဆိုလျှင်ရေတစက်မှမရောပါ။ရေတစက်ရောလိုက်သည်နှင့်နို့မစစ်တော့ပါ။ထိုနည်းတူကျေးဇူးတရားဆိုသည်မှာလူ၏လုပ်ဆောင်လုံးဝမရောပါ။

**သခင်ယေရှု၏လုပ်ဆောင်ချက်သက်သက်ဖြင့်ခံစားရသောအရာသာကျေးဇူးတရားဖြစ်ပါသည်။**

**"ကျေးဇူးတော်ကြောင့်သာကယ်တင်ခြင်းသို့ရောက်ရ၏"(ဧဖက် ၂ း ၅)**

ဤသည်မှာပညတ်တရားနှင့်ကျေးဇူးတရား၏ခြားနားချက်ဖြစ်ပါသည်။

(ပညတ်တရားအောက်ကလူနှင့်ကျေးဇူးတရားခံစားရသောလူ၏ခြားနားချက်ကိုဆက်လက်ဝေငှပါမည်။)

ဇော်သူလင်း
မြန်မာလူငယ်ပြုစုပျိုးထောင်ရေး
သာသနာ
HP 95 - 9 - 5131067
Email –ztlinn@gmail.com